# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)

## National Community Driven Development Project



ကရင်ပြည်နယ်၊ကော့ကရိတ်မြို့နယ်၊ ဒေါဖျာကျေးရွာအုပ်စု

ကော့ခမိကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်

၂၀၂၀ပြည့်နှစ်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ | -၃ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ | -၄ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ | |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ | |
| | ၄.၁။ကျေးရွာသမိုင်းကြောင်း။ | |
| | ၄.၂။ကျေးရွာရှိအိမ်ခြေအိမ်ထောင်စုနှင့်လူဦးရေ။ | |
| | ၄.၃။တိုင်းရင်းသားလူမျိုးစုများဦးရေ | |
| | ၄.၄။ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက် | |
| | ၄.၅။အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ | |
| | ၄.၆။အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။ | |
| | ၄.၇။ပိုင်ဆိုင်မှုမြေဧရိယာနှင့်သဘာဝသယံဇာတများ။ | |
| | ၄.၈။အခြားသတင်းအချက်အလက်များ။ | |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြစ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်။ | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏မှတ်တမ်းဓာတ်ပုံများ | |
| | ၆.၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Recourec Map) | |
| | ၆.၂။ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar) | |
| | ၆.၃။ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking) | |
| | ၆.၄။ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram) | |
| | ၆.၅။ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) | |
| | ၆.၆။အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) | |


| | |
|---|---|
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။ |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။ |
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။ |
| ၁၀။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၁ (PC – 1) |
| ၁၁။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၂ (PC – 2) |
| ၁၂။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3) |
| ၁၃။ | ကျေးရွာပထမနှင့်ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ |
| ၁၄။ | ကဏ္ဍာအလိုက်အနှစ်ချုပ်ဇယား |
| ၁၅။ | လူထုဗဟိုပြုစီမံကိန်း (NCDDP)ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ |

## ၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ဒေါ်ဖျာကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ကော့ကမာ | ၁၅၄ | ၅၃၈ | ၅၁၃ | ၁၀၅၁ |
| ၂။ | ကော့ခမိ | ၈၄ | ၂၆၀ | ၂၅၉ | ၅၁၉ |
| ၃။ | ကော့ဖလွတ် | ၈၂ | ၂၃၇ | ၂၃၃ | ၄၇၀ |
| ၄။ | ကော့ဘော် | ၇၆ | ၂၃၅ | ၂၁၂ | ၄၄၇ |
| ၅။ | ဒေါ်ဖျာ | ၂၉၁ | ၁၀၃၇ | ၉၇၂ | ၂၀၀၉ |

# ၄။ ကျေးရွာသမိုင်းကြောင်းနှင့် ကျေးရွာအခြေခံအချက်အလက်များ

## ၄.၁။ ကျေးရွာသမိုင်းကြောင်း။

ကော့ခမိကျေးရွာကို မြန်မာသက္ကရာဇ် ၁၂၉၅ ခုနှစ်တွင် အိမ်ခြေ ၁၀ လုံး၊ အိမ်ထောင်စု ၅ စုဖြင့် စတင်တည်ထောင်ခဲ့သော ရွာဖြစ်ပါသည်။ ကျေးရွာတွင်းပုံစံမှာ အပိုင်း ၃ပိုင်း ရှိပါသည်။ နှောင်းဝိုင်းပိုင်း၊ ကော့ခမိ တောင်ပိုင်း၊ မြောက်ပိုင်းတို့ ဖြစ်ပါသည်။ ကျေးရွာတွင် သမိုင်းဝင်နေရာမရှိပါ။ အခက်အခဲအနေဖြင့် လမ်းပန်းဆက်သွယ်ရေးမှာ မိုးရာသီတွင် မြေနီလမ်း ဖြစ်သဖြင့် အဆင်မပြေခြင်း ရေမြုပ်ခြင်းများ ရှိပါသည်။ ကျေးရွာတစ်ခုလုံးအနေနှင့် အပျက်အစီး မရှိပါ။ ရွာတည်သည့်အချိန်မှစ၍ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအနေဖြင့် ယနေ့ချိန်ထိ လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ဆဲဖြစ်သည်။ သဘာဝဘေး အန္တရာယ်အနေနှင့် မီးဘေး၊ ရေဘေး၊ လေဘေးများ ဖြစ်ပွားဖူးပါသည်။ စစ်ဘေးကိုဆိုးဆိုးဝါးဝါးအနေဖြင့် ၁၃၅၁-၁၃၅၂ ခုနှစ်ခန့်တွင် စစ်တပ်နှင့် ဒေသခံအဖွဲ့အစည်းများတိုက်ပွဲဖြစ်ပွားမှုကို ခံစားခဲ့ရပါသည်။ ကျေးရွာအတွင်းတွင် ဆင်းရဲနွမ်းပါးသူများပြီး ပညာတတ် နည်းပါးပါသည်။ ကျေးရွာတစ်ရွာလုံး ပိုးကရင်လူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာ ကိုကိုးကွယ်ကြပါသည်။ ရွာချင်းဆက်လမ်းများ အနေဖြင့် ပွင့်လင်းရာသီတွင် အသင့်အတင့် ကောင်းမွန်ပါသည်။ မိုးရာသီတွင် အလွန်ခက်ခဲပြီး ကျေးရွာတစ်ရွာနှင့်တစ်ရွာ သွားလာရေး အလွန်ခက်ခဲပါသည်။ ကော့ခမိကျေးရွာ၏ အရှေ့ဘက်တွင် နှောင်လီကျေးရွာ၊ အနောက်ဘက်တွင် ကော့ဖလွတ်ကျေးရွာ၊ တောင်ဘက်တွင် ကော့ကသောင်ရွာနှင့် တောင်များ၊ စေတီပုထိုးများ၊ လယ်ယာမြေများ ၊ မြောက်ဘက်တွင် ကော့ကမာကျေးရွာတို့ တည်ရှိပါသည်။ ယခုအခါကျေးရွာတွင် ငြိမ်းချမ်းရေးအဖွဲ့၊ Phase -M အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့ ဝင်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

## ၄.၂။ ကျေးရွာရှိအိမ်ခြေအိမ်ထောင်းစုနှင့်လူဦးရေ။

ကော့ခမိကျေးရွာတွင် အိမ်ထောင်စု (၈၄)စု ရှိပါသည်။ ကျေးရွာအတွင်းနေ ထိုင်သော လူဦးရေမှာ အမျိုးသား (၂၆၀)ဦး၊ အမျိုးသမီး (၂၅၉)ဦး၊ စုစုပေါင်း (၅၁၉) ဦး ရှိပါသည်။ ယခု အိမ်ထောင်စုနှင့် လူဦးရေစာရင်းမှာ ၂၀၂၀ခုနှစ်၊ ဇူလိုင်လတွင် ကောက်ထားသောစာရင်း ဖြစ်ပါသည်။

## ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

ကော့ခမိကျေးရွာတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးစုမှာ ကရင်လူမျိုးဖြစ်ပါသည်။ ကရင်လူမျိုး အိမ်ထောင်စု (၈၄) စုတွင် အမျိုးသား (၂၆၀)ဦးနှင့် အမျိုးသမီး (၂၅၉)ဦး စုစုပေါင်း (၅၁၉)ဦး ရှိပါသည်။

### ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

ကော့ခမိကျေးရွာကျေးရွာတွင် သက်ကြီးရွယ်အို(၆၅နှစ်နှင့် အထက်) (၁၂) ဦး၊ မသန်စွမ်း (၃) ဦး တို့ရှိ ပါသည်။

### ၄.၅။ အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ

ကော့ခမိကျေးရွာတွင် မူကြိုကျောင်း (၁)ကျောင်း၊ မူလတန်းကျောင်း (၁) ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်း၊ စေတီတို့ရှိပါသည်။

### ၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ

ရွာသူ/သားများ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုးလုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများ ဖြစ်ပါသည်။

### ၄.၇။ ပိုင်ဆိုင်မှုမြေဧရိယာနှင့်သဘာဝသယံဇာတများ။

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစား အိမ်ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွားတို့ ရှိပါသည်။

### ၄.၈။ အခြားသတင်းအချက်အလက်များ။

အပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေး အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည် ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများ၊ ဌာနများ နှင့်လည်းချိတ်ဆက်မှုရှိပါသည်။ ရဲစခန်း၊ မီးလင်းရေးအဖွဲ့၊ ထွေ/အုပ်ရုံး၊ ငြိမ်းချမ်းရေး၊ DRD, Phase M တို့နှင့် ချိတ်ဆက်ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။


| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | **လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ** | ၁၃ | ၃၂ | ၄၅ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား (ထိုင်း)သို့ ရွှေ့ပြောင်းလုပ်ကိုင်သူများခြင်း။ |

| | | | | | |
|---|---|---|---|---|---|
| | | | | | သောက်သုံးရေရှားပါသည်။မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်။ |
| ၂ | **ရာသီခွင်ပြ - ပြက္ခဒိန်** | | | | မိုးရာသီတွင် စပါးများရေကြီးနစ်မြုပ်မှု နှစ်စဉ်ကြုံတွေ့ရသည်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သဖြင့် အခြားရာသီတွင် နေ့စားလုပ်ကိုင်ကြသည်။ ဝင်ငွေ/ထွက်ငွေ မျှတမှုမရှိပါ။ |
| ၃ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | | | | အဆင်မပြေသော အိမ်ထောင်စုများသည် အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမမှီခြင်း၊ ပညာရေးအားနည်းခြင်းစသည့်အခက်အခဲများရှိသည်။ |
| ၄ | **ပင့်ကူအိမ် (ကျား-မရေးရာ)** | | | | မိရိုးဖလာဒေသ အယူအဆများကြောင့် အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့်သာအချိန်ကုန်စေခဲ့သည်။ ဝင်ငွေရလုပ်ငန်းများ မလုပ်နိုင်သဖြင့် မှီခိုသူများအနေဖြင့်သာ ရှိနေသည်။ |
| ၅ | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | | | | အပ်ချုပ်စက်ကို အမျိုးသမီးများသုံးစွဲမှုများသည်။လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ မြက်ရိတ်စက်၊ စက်တပ်လှေ၊ အမျိုးသားများသုံးစွဲမှုများသည်။ ဆိုင်ကယ်၊ ကား၊ရေတွင်း၊ဘုန်းကြီးကျောင်း၊ လယ်၊နွားတို့ကိုအမျိုးသား၊အမျိုးသမီးတို့က သုံးစွဲကြသည်။ |
| ၆ | **အဖွဲ့အစည်းချိတ်ဆက်မှု** | | | | ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့မှ |


| | | | | | |
|---|---|---|---|---|---|
| | | | | | ဩဇာလွှမ်းမိုး၊ကျေးရွာပြင်ပတွင် အထွေထွေအုပ်ချုပ်ရေး၊ ရဲစခန်း၊ မြစိမ်းရောင်၊ ငြိမ်းချမ်းရေး၊KNU, BGF, DRD, Phase –M တို့ လွှမ်းမိုးမှုများသည်။ |

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ**


**၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)**



## ၆.၂။ ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)



## ၆.၃။ ဥစ္စာခနေကြွယ်ဝမှုအဆင့် (Wealth Ranking)



မြို့နယ် - ကော့ကရိတ်　　ကျေးရွာ - ကော့ခမိ


ရက်စွဲ - 4.6.2020　　အုပ်စု - ဒေါ့ဖြ

ဥစ္စာခနေကြွယ်ဝမှုပြ ဇယား


| အမျိုးအစား | သတ်မှတ်ချက် / ညွှန်းကိန်း | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသော အိမ်ထောင်စု | လယ် (၅-၇) ဧကကြား၊ တိုက်အိမ်၊ ဈေးဆိုင်၊ ဆိုင်ကယ်ပိုင်သူများ | 12 | 14.28% |
| အလယ်အလတ်ရှိသော အိမ်ထောင်စု | လယ် (၃-၅) ဧကကြား၊ ပျဉ်ထောင်အိမ်၊ လက်တွန်းထွန်စက်၊ ဈေးရောင်း၊ ကျွဲနွား၊ ငှေ့ထား၊ ဆိုင်ကယ်၊ TV စလောင် | 57 | 67.85% |
| အဆင်မပြေသော အိမ်ထောင်စု | ဖက်မိုးဝါးအိမ်၊ တံစဉ်၊ ဓားမ၊ တောခုတ်၊ ထင်းခုတ်၊ ကျွဲကန်ပိုင်သူများ၊ ဝက်ကြီး | 15 | 17.85% |

ပါဝင်ဆွေးနွေးသူ - ကျား (13) + မ (32) = (45) ဦး

## ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)



## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



မြို့နယ် - ကော့ကရိတ်　　ကျေးရွာ - ကော့ခမိ


ရက်စွဲ - 4.6.2020　　အုပ်စု - ဒေါ့ဖျာ


ပိုင်ဆိုင်မှုသုံးသပ်ခြင်း

| အရင်းအမြစ်သုံးစွဲမှုမြေယာ | | | အရင်းအမြစ်ထိန်းချုပ်မှုမြေယာ | | |
|---|---|---|---|---|---|
| က | မ | က+မ | က | မ | က+မ |
| ကား<br>ဘောလုံးကွင်း | ဈေးဆိုင် | လယ်ယာမြေ<br>ဆိုင်ကယ်<br>အိမ်မွေးတိရစ္ဆာန်<br>ဆိတ်/ကြက်<br>စာသင်ကျောင်း<br>ဘုန်းကြီးကျောင်း<br>ရော်ဘာခြံ | လယ်ထွန်စက်<br>မြက်ရိတ်စက် | အပ်ချုပ်စက် | လယ်ယာမြေ<br>ဆိုင်ကယ်<br>ကား<br>အိမ်မွေးတိရစ္ဆာန်<br>ဆိတ်/ကြက်<br>စာသင်ကျောင်း<br>ဘုန်းကြီးကျောင်း<br>ရော်ဘာခြံ<br>ဈေးဆိုင်<br>ဘောလုံးကွင်း |

ပါဝင်ဆွေးနွေးသူ - က (13) + မ (32) = (45) ဦး

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)






## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်ရလဒ်များ |
|---|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | -လယ်ယာလုပ်ငန်းကို မှီခို၍ အဓိကအသက်မွေးဝမ်းကြောင်းပြုကြသည်။<br>-နွေရာသီတွင် ရေရှားပါးမှုရှိသည်။<br>-သွားရေးလာရေးအတွက် တစ်ရွာနှင့်တစ်ရွာ |

| | | |
|---|---|---|
| | | သွားလာရာတွင် မိုးရာသီ၌ ကျေးရွာချင်းဆက် လမ်းများ ရေမြုပ်နေသဖြင့် အခက်အခဲများ ကြုံတွေ့ရသည်။<br>-ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စု နှင့် ပြေလည်သောအိမ်ထောင်စုမှာ အတူတကွ နေထိုင်ကြပါသည်။<br>-တစ်ရွာလုံးဗုဒ္ဓဘာသာကိုးကွယ်ကြပြီး အခြား ဒေသသို့ သွားရောက်လုပ်ကိုင်ကြသူ များပြား သည်။<br>**တိုးတက်ရန်လိုအပ်သောအချက်များ**<br>-ဆက်သွယ်သွားလာရေး ကောင်းမွန်ရန် (ရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်း)<br>-လျှပ်စစ်မီး ရရှိရန်<br>-စိုက်ပျိုးရေး နည်းစနစ်<br>-ဝင်ငွေရရှိသောလုပ်ငန်းမှာ<br>ကြက်၊ ဝက်၊ မွေးမြူရေး၊<br>စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း (အသေးစား)<br>လက်မှုပညာလုပ်ငန်း။ |
| ၂ | **ရာသီခွင်ပြ - ပြက္ခဒိန်** | -လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုက် ကြပြီး အခြားဝင်ငွေရလုပ်ငန်းအနေနှင့် ထင်း ခုတ်၊ မီးသွေးဖုတ်၊ ဖက်ကောက်၊ ငါးရှာ လုပ် ကိုင်ကြသည်။<br>-နယုန်လမှ တန်ဆောင်မုန်းလအထိ ဝင်ငွေ အသင့်အတင့်ကောင်းမွန်ပြီး ကျန်လများတွင် ဝင်ငွေမကောင်းပါ။<br>-(ထွက်ငွေ)လတိုင်းလိုလိုတွင် ထွက်ငွေများ ပြားသည်။<br>-ဝင်ငွေ/ထွက်ငွေမညီမျှရသည့်အကြောင်းရင်း မှာ ကျေးရွာတွင်း အလုပ်အကိုင် အခွင့်အလမ်း |

| | | |
|---|---|---|
| | | ရှားပါးခြင်းကြောင့်ဖြစ်သည်။<br>-ကျေးရွာတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ကျေးရွာ၏ ဝင်ငွေ/ထွက်ငွေ မညီမျှမှုပြဿနာကို ကူညီပေးနိုင်ပါသည်။ |
| ၃ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | -ကျေးရွာတွင် နွမ်းပါးသောအိမ်ထောင်စု (၂၅) စု ရှိပါသည်။<br>-ဆင်းရဲနွမ်းပါးသည့် အကြောင်းမှာ နေ့စား၊ ကျဘမ်းလုပ်သားများ ဖြစ်ကြပြီး ဝါးအိမ်ကလေးများဖြင့် နေထိုင်ကြသဖြင့် ပုံမှန်ဝင်ငွေမရှိခြင်းကြောင့် ကလေးငယ်များအား ကျောင်းကို ပြီးဆုံးအောင်မထားနိုင်ခဲ့ပါ။<br>-အစီအစဉ်ရေးဆွဲရာတွင် ဆင်းရဲနွမ်းပါးသူများ၏ အားလပ်ချိန်တွင် ရေးဆွဲပြီး သူတို့၏ တင်ပြသော လိုအပ်ချက်များကို အလေးထား စဉ်းစားပေးခြင်း။<br>-လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများသည် လုပ်အားခရရှိပြီး ဝင်ငွေရလာမည်။ ကျေးရွာတွင် ဆေးပေးခန်းများရရှိခြင်းကြောင့် ဝေးလံသော နေရာသို့ မသွားရပဲ ငွေကုန်ကျမှုပါးလာမည် ဖြစ်ပါသည်။ ရေရရှိရေးလုပ်ငန်းများကြောင့် ကလေးငယ်များရေခပ်ရန် အချိန်လျော့လာပြီး စာသင်ကြားရန် အချိန်ပိုရရှိလာမည်။ |
| ၄ | **ပင်ကူအိမ် (ကျား-မရေးရာ)** | -ဆုံးဖြတ်ချက်ချနိုင်မှုတွင် အမျိုးသား/သမီး တန်းတူညီမျှမှုရှိပြီး ပညာတတ်မြောက်မှု၊ ပူးပေါင်းပါဝင်မှု၊ လုံခြုံမှုတို့တွင် အမျိုးသား/သမီး အနည်းငယ်မျှသာ ကွာခြားမှုရှိသည်။<br>-အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေရရှိမှုနှင့် ကျန်းမာရေးလက်လှမ်းမီမှုတို့တွင် အမျိုးသမီးများသည် အနည်းငယ်နိမ့်ကျနေသည်။ နိမ့်ကျ |

| | | |
|---|---|---|
| | | နေရသည့်အကြောင်းရင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့်သာ အချိန်ကုန်နေရခြင်းကြောင့်ဖြစ်သည်။<br>-ကျေးရွာတွင်း အမျိုးသမီးသီးသန့် ကျန်းမာရေးဟောပြောပွဲများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အမျိုးသမီးများအား ဦးစားပေးခြင်းဖြင့် ကူညီပေးနိုင်ပါသည်။ |
| ၅ | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | -အုပ်ချုပ်စက် အမျိုးသမီးသုံးစွဲ ကိုယ်တိုင်ထိန်းချုပ်<br>-လယ်ထွန်စက်၊ မြက်ရိတ်စက် အမျိုးသားသုံးစွဲ/ကိုယ်တိုင်ထိန်းချုပ်<br>-လယ်ယာမြေ၊ရော်ဘာခြံ၊ဈေးဆိုင်၊<br>ဘော်လုံးကွင်း၊ ဆိုင်ကယ်၊ ကား၊ ဘော်လုံးကွင်းတို့ကို အမျိုးသား/သမီးပူးတွဲအသုံးပြုပြီး ပူးတွဲထိန်း ချုပ်သည်။<br>-အရင်းအမြစ်များအား ပိုင်ဆိုင်/ထိန်းချုပ်ရာတွင် အမျိုးသမီးများကို အမျိုးသားနှင့်တန်းတူ အခွင့်အရေးပေးခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ပူးတွဲပိုင်ဆိုင်နိုင်ပါသည်။ |
| ၆ | **အဖွဲ့အစည်းချိတ်ဆက်မှု** | ကျေးရွာတွင် ရာအိမ်မှူးသည် ကျေးရွာအတွင်း အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုရှိသည်။ ကျေးရွာတွင်း အုပ်စုအုပ်ချုပ်ရေးမှူးသည် အဖွဲ့အစည်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် ချိန်ဆက်မှုရှိကာ ဦးဆောင်၍ လုပ်ဆောင်သည်။<br>-လူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့များ၊ ရွာ၏ ဘာသာရေး၊ သာရေး/နာရေးတို့တွင် အဓိကပါဝင်သည်။<br>-မြစိမ်းရောင်၊ ကျောင်းကော်မတီ၊ ကျေးလက် |

| | | |
|---|---|---|
| | | ကျန်းမာရေးအဖွဲ့တို့တွင် အမျိုးသားနှင့် အမျိုးသမီးများအတူတကွ ပူးပေါင်းလုပ်ဆောင်ကြသည်။<br>-အုပ်ချုပ်ရေးမှူးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း၊ မြို့နယ်ပညာရေးမှူးရုံး၊ ကျေးလက်ဦးစီးဌာနများကို ဆက်သွယ်ဆောင်ရွက်သည်။ ကျေးရွာရှိ လမ်းများ၊ တံတားများ၊ ရေရရှိရေး၊ မီးလင်းရေးများရှိလာပါက ကျေးလက်ဦးစီးသို့ အုပ်ချုပ်ရေးမှူးမှတဆင့် ဆက်သွယ်ဆောင်ရွက်သည်။<br>-စာသင်ကျောင်းနှင့်ပတ်သက်၍ မြို့နယ်ပညာရေးမှူးရုံး၊ သဘာဝဘေးအန္တရာယ်(သို့) အရေးပေါ်အခြေအနေကြုံလာပါက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် ဆက်သွယ်ဆောင်ရွက်သည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။





## ၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။

| စဉ် | အမည် | ကျား | မ | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးငွေဝင်း | ✓ | | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ(ဥက္ကဌ) | |
| ၂ | နန်းငွေငွေမြင့် | | ✓ | ။ | |
| ၃ | ဦးတင်ဝင်းအောင် | ✓ | | ဝယ်ယူရေးဆပ်ကော်မတီ (ခေါင်းဆောင်) | |
| ၄ | ဦးတာမူး | ✓ | | ဝယ်ယူရေးဆပ်ကော်မတီ (အဖွဲ့ဝင်) | |
| ၅ | နန်းစိုးစိုးခိုင် | | ✓ | ။ | |
| ၆ | ဒေါ်မူးလားကူ | | ✓ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်းဆပ်ကော်မတီ (ခေါင်းဆောင်) | |
| ၇ | ဦးသိန်းဟန် | ✓ | | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်းဆပ်ကော်မတီ (အဖွဲ့ဝင်) | |
| ၈ | စောလှကျော် | ✓ | | ။ | |
| ၉ | နန်းမအေးညို | | ✓ | ကျေးရွာစာရင်းကိုင် | |
| ၁၀ | ဦးလှမြင့် | ✓ | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(ခေါင်းဆောင်) | |
| ၁၁ | ဦးကောင်းလိုလ် | ✓ | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(အဖွဲ့ဝင်) | |
| ၁၂ | ဒေါ်စန်းစန်းထွေး | | ✓ | ။ | |
| ၁၃ | ဦးသိန်းလွင် | ✓ | | ဝေဖန်အကြံုကိုယ်စလှယ် | |
| ၁၄ | ဒေါ်မြင့်မြင့်သန်း | | ✓ | ဝေဖန်အကြံုကိုယ်စလှယ် | |
| ၁၅ | နန်းထွန်းအိန္ဒြာမိုလ် | | ✓ | ကျေးရွာစေတနာ့ဝန်ထမ်း | |
| ၁၆ | ဦးလှမြင့်ဦး | ✓ | | ကျေးရွာစေတနာ့ဝန်ထမ်း | |

## ၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၁ (PC – 1)

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင်အမည် ဦးစောအကျော် | ကျေးရွာခေါင်းဆောင် ဖုန်းနံပါတ်-၀၉၇၆၇၉၃၂၇၈၃ | လူထုစည်းရုံးရေးမှူးအမည် – စောငွေးရီ |

| | | | |
|---|---|---|---|
| ပြည်နယ် – ကရင် | မြို့နယ်– ကော့ကရိတ် | ကျေးရွာအုပ်စု – ဒေါဖျာ | ကျေးရွာ – ကော့ခမိ |

(က) လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၈၄ | ဗုဒ္ဓ | ၈၄ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ……………………….. | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၃ |
| သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) | ၁၂ |
| စစ်ဘေးရှောင် | – |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)…………………… | ၂၆၀ | ၂၅၉ | ၅၁၉ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ……………………….. | | | |
| အိမ်ထောင်ဦးစီး | ၇၉ | ၅ | ၈၄ |

(ခ)အခြေခံအဆောက်အအုံအသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | ✓ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်း | ✓ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | ✓ | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်းသို့အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်းဆရာ/မ | | | ဆရာဝန် | | | လက်သမား | ✓ | |
| အလယ်တန်းဆရာ/မ | | | ကျန်းမာရေးမှူး | | | ပန်းရံ | ✓ | |
| မူလတန်းဆရာ/မ | | ✓ | ကျန်းမာရေးဆရာမ | | | လျှပ်စစ်ကျွမ်းကျင် | | |
| မူကြိုဆရာ/မ | ✓ | | သားဖွားဆရာမ | | | ရေပိုက်သွယ် | | |
| အခြား | | | ကျန်းမာရေးလုပ်သား | | | စက်ပြင် | ✓ | |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား – လှေ

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁. လူထုဗဟိုပြုစီမံကိန်းမစတင်မီကျေးရွာတွင်ဖွံ့ဖြိုးရေး စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

၂. ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ? — (....)/ မသိပါ

၃. ထိုစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁. ကျေးရွာ၏ဗဟိုမှအုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။ — ( ၇ )မိုင်/မသိပါ

၂. ကျေးရွာမှအုပ်စုရွာသို့သွား/လာရာတွင်အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၁ နာရီ ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား...............

မိုးရာသီကြာချိန် ၁:၃၀ နာရီ ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား...............

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

.......မရှိပါ/( ✓) ရှိပါသည်/ရှိလျှင်ဖော်ပြပါ (ရေကြီးရေလျှံခြင်း)

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှဖွဲ့စည်းထားသောအဖွဲ့များရှိပါသလား?

(၁) Phase –M ကျန်းမာရေးကော်မတီ (၂) ကျေးရွာမီးလင်းရေးအဖွဲ့

(၃) ---------------------------------- (၄) ----------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှမှတ်တမ်းတင်ထားခြင်း။

.......မရှိပါ။(✓)ရှိပါသည်။

## ၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၂ (PC – 2)

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူးဝန်ထမ်းအမည် – ဦးစောဌေးရီ၊ ဦးရဲနိုင်ထွန်း | | | |
| နေ့စွဲ – ၄.၆.၂၀၂၀ | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း၁ (..)။စက်ဝန်း၂ (..) စက်ဝန်း၃ (✓)၊စက်ဝန်း၄ (..) | | |
| ပြည်နယ်– ကရင် | မြို့နယ် – ကော့ကရိတ် | ကျေးရွာအုပ်စု – ဒေါဖျာ | ကျေးရွာ – ကော့ခမိ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | | အိမ်ထောင်စု စုစုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးစီးသည့်နေ့ | ကျား | မ | အိမ်ထောင်စု | လူမျိုးစု | | | |
| | | | | | | အရေအတွက် | အမည် | | |
| (၁)ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေး | ၄.၆.၂၀၂၀ | ၄.၆.၂၀၂၀ | ၁၃ | ၃၂ | ၄၅ | ၄၅ | ကရင် | ၈၄ | ၅၃.၅၇ |
| (၂)ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၄.၆.၂၀၂၀ | ၄.၆.၂၀၂၀ | ၁၃ | ၃၂ | ၄၅ | ၄၅ | ကရင် | ၈၄ | ၅၃.၅၇ |
| (၃)ကျေးရွာအုပ်စုလုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | | | | | | | | | |
| (၄)မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | | | | | | | |
| (၅)မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည် | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဖော်ရေးကော်မတီ၏ ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| (၆)စီမံကိန်းလုပ်ငန်းခွဲ စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| (၆.၁)စီမံကိန်းလုပ်ငန်းခွဲကောင်အထည်ဖော်ရေးအစီအစဉ်ရေးဆွဲခြင်း | | | | | | | | | |
| (၆.၂)ဝယ်ယူရေး အစီအစဉ် ရေဆွဲခြင်း | | | | | | | | | |
| (၆.၃)ဘဏ္ဍာရေး ကုန်ကျမှုလျာထား အစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| (၆.၄)ပြင်/ထိန်း အစီအစဉ်ရေဆွဲခြင်း | | | | | | | | | |
| (၇)စီမံကိန်းလုပ်ငန်းခွဲတိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | | |
| (၇.၁)အစည်းအဝေးပထမအကြိမ် | | | | | | | | | |
| (၇.၂)အစည်းအဝေးဒုတိယအကြိမ် | | | | | | | | | |
| (၇.၃)အစည်းအဝေးတတိယအကြိမ် | | | | | | | | | |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| (၈)စီမံကိန်းလုပ်ငန်းခွဲအပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | | |
| (၉)လုထုစစ်ဆေးပွဲ အစည်းအဝေး | | | | | | | | | | |

၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3)

| | | | |
|---|---|---|---|
| **စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် – ဦးစောဌေးရီ** | | | |
| **နေ့စွဲ – ၉.၇.၂၀၂၀** | **စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း၁ (..)။စက်ဝန်း၂(..) စက်ဝန်း၃ (✓)၊စက်ဝန်း၄ (..)** | | |
| **ပြည်နယ် – ကရင်** | **မြို့နယ် – ကော့ကရိတ်** | **ကျေးရွာအုပ်စု – ဒေါဖျာ** | **ကျေးရွာ – ကော့ခမိ** |

**(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။**

| **အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ** | | | |
|---|---|---|---|
| ရွာတွင်းလမ်းများ မိုးရာသီတွင် ပျက်စီးခြင်း၊ ရေကျော်ခြင်းတို့ကြောင့် ခရီးသွားများအတွက် သွားရေးလာရေးအခက်အခဲဖြစ်ခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| ရွာချင်းဆက်လမ်းများ မိုးရာသီ၌ ရေကျော်ခြင်း၊ ဗွက်ထခြင်းတို့ကြောင့် တစ်ရွာနှင့်တစ်ရွာ သွားလာရခက်ခဲခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| ရွာတွင်းလျှပ်စစ်မီးမရှိသည့်အတွက် ညဘက်သွားလာရာတွင် မြွေဆိုးအန္တရာယ်များ ကြောက်ရခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာအားနည်းသည့်အတွက် တိရိစ္ဆာန်မွေးမြူရေးနှင့်လယ်စပါးစိုက်ပျိုးရာတွင် အောင်မြင်မှုအားနည်းခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| ကျောင်းသားဦးရေများပြားလာခြင်းကြောင့် စာသင်ဆောင်များ မလုံလောက်ခြင်း၊ အသံများဆူညံမှုများဖြစ်ခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| စာသင်ကျောင်းအတွင်း အားကစားပစ္စည်းမရှိသည့်အတွက် ကလေးငယ်များ ဉာဏ်ရည်တိုးတက်မှုအားနည်းခြင်း။ | ကျား… | မ…. | ကျား+မ ✓ |

| | | | |
|---|---|---|---|
| ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသည့်အတွက် ကျန်းမာရေးကိစ္စ ပေါ်ပေါက်လာပါက အချိန်မှီမကုသပေးနိုင်ခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| ကျောင်းဆရာ/မဝန်ထမ်းအိမ်ယာမလုံလောက်သည့်အတွက် ဝန်ထမ်းများ အပြောင်းအရွှေ့များခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| နွေရာသီ၌ ရေရှားပါးခြင်း၊ ရေကောင်းရေသန့်မရှိသည့်အတွက် ကလေးငယ်များ ကျန်းမာရေးဆိုင်ရာ အခက်အခဲဖြစ်ခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| နွေရာသီ၌ ရေရှားပါးသဖြင့် လယ်ယာစိုက်ပျိုးရာတွင် ရေမရှိသည့်အတွက်လယ်သမားများ ရေအတွက်အချိန်ယူနေရခြင်း။ | ကျား… | မ…. | ကျား+မ ✓ |

## (ခ) မျှော်မှန်းခြင်း – နောင်လာမည့် ( ၅ )နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေး လျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ရွာတွင်းလမ်းကောင်းမွန်ကာ မိုးရာသီ၌ သွားရေးလာရေး အချိန်မီစွာ အဆင်ပြေသွားလာနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| ရွာချင်းဆက်လမ်းများကောင်းမွန်ကာ တစ်ရွာနှင့်တစ်ရွာ သွားရေးလာရေး ပိုမိုအဆင်ပြေလာမည်။ | ကျား… | မ…. | ကျား+မ ✓ |
| ရွာတွင်းလျှပ်စစ်မီးရရှိကာ ညအချိန်သွားလာရာတွင် မြွေအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ကောင်းမွန်စွာ သိရှိလာလျှင် စီးပွားရေးလုပ်ငန်းအတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| စာသင်ကျောင်း၌ ကျောင်းအားကစားပစ္စည်းစုံလင်စွာ ရှိလာလျှင် ကလေးငယ်များအနေဖြင့် အားလပ်ချိန်တွင် ဉာဏ်ရည်များတိုးတက်အောင် ဆောင်ရွက်နိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| ကျေးလက်ဆေးပေးခန်းရှိကာ ကျောင်းသူ/သားများအနေဖြင့် ကျန်းမာရေးအတွက် အချိန်မီကုသမှု ခံယူနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |
| ကျောင်းဆရာ/မများအတွက် ဝန်ထမ်းအိမ်ယာ အလုံအလောက်ရှိကာ ဆရာ/မများအနေဖြင့် အပြောင်းအရွှေ့နည်းပြီး ပညာရေးကို ထိရောက်စွာ စာသင်ကြားနိုင်မည်။ | ကျား… | မ…. | ကျား+မ ✓ |

| | | | |
|---|---|---|---|
| ၁၂ လ ရာသီပတ်လုံး ရေရှားပါးမှုမှ ကင်းဝေးပြီး တစ်ရွာလုံး ရေကောင်းရေသန့် သောက်သုံးနိုင်မည်။ | ကျား... | မ.... | ကျား+မ √ |
| ၁၂ လ ရာသီပတ်လုံး စပါးအတွက် ရေရရှိလျှင် စိုက်ပျိုးရေး ပိုမိုအားကောင်းလာမည်။ | ကျား... | မ.... | ကျား+မ √ |

**(ဂ) လူထုစီမံကိန်း၏ နောင်လာမည့် ( ၄ )နှစ်တာအတွက် အကျိုးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။**

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊(ကျား+မ) | အခန်းကဏ္ဍ | ခန့်မှန်းကုန်ကျစရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | က + မ | လမ်းပန်းဆက်သွယ်ရေး | ၄၈၀၀၀၀၀၀ | ၂၆၀ | ၂၅၉ | ၅၁၉ |
| ၂ | ရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်း (ကော့ခမိ-ကော့ကသောင်) | ။ | ။ | ၉၅၀၀၀၀၀၀ | ။ | ။ | ။ |
| ၃ | ရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်း (ကော့ခမိ-ကော့ကမာ) | ။ | ။ | ၅၀၀၀၀၀၀၀ | ။ | ။ | ။ |
| ၄ | ရွာတွင်းလျှပ်စစ်မီးရရှိရေး(မီးစက်) | ။ | မီးလင်းရေး | ၁၀၀၀၀၀၀၀ | ။ | ။ | ။ |
| ၅ | စာသင်ကျောင်းဆောင်အသစ်တည်ဆောက်ခြင်း | ။ | ပညာရေး | ၂၉၀၀၀၀၀၀ | ။ | ။ | ။ |
| ၆ | အဝီစိတွင်းတူးဖော်ရေးလုပ်ငန်း | ။ | ရေနှင့်သန့်ရှင်းရေး | ၁၄၀၀၀၀၀၀ | ။ | ။ | ။ |
| ၇ | ကျေးလက်ဆေးပေးခန်း ရရှိရေး | ။ | ကျန်းမာရေး | ၃၅၀၀၀၀၀ | ။ | ။ | ။ |

(ဃ) လူထုစီမံကိန်း၏ နောင်လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ | က + မ | အသက်မွေးဝမ်းကြောင်း |
| ၂ | စာသင်ကျောင်းအားကစားပစ္စည်း | ။ | ပညာရေး |
| ၃ | ကျောင်းဆရာ/မ ဝန်ထမ်းအိမ်ယာ | ။ | ပညာရေး |
| ၄ | ကျန်းမာရေးဝန်ထမ်းရရှိရေး | ။ | ကျန်းမာရေး |
| ၅ | စိုက်ပျိုးရေးအတွက် သွင်းရေရရှိရေး | ။ | စိုက်ပျိုးရေး |
| | | | |
| | | | |
| | | | |

## ၁၃။ ကျေးရွာပထမနှင့်ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ

အစည်းအဝေးအမျိုးအစား - ပ/ဒုကြိမ်ရွာအုပ်စုကျေးရွာအစည်းအဝေး

နေ့ရက် - 13.6.2019 (ကော့ခမိရွာ)

ကော့ခမိဘုန်းတော်ကြီးကျောင်း

9:00AM - 3:00PM

၁။ [illegible]

၂။ [illegible]

၃။ PRA - Tools များ ပြန်လည်သုံးသပ်ခြင်း

၄။ [illegible]

၅။ [illegible]

| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ |
| --- | --- | --- |
| | [illegible] | ကျေးရွာ [illegible] နှင့် ကျေးရွာလူထု |
| | PRA - Tools များ ပြန်လည်သုံးသပ် [illegible] နှင့် ကျေးရွာလူထုအား ပြန်လည် [illegible] | CF / TF ကျေးရွာလူထု |
| | [illegible] | |
| | [illegible] | |
| | [illegible] | |
| | | |

မှတ်တမ်းတင်သူ

အမည်/ ရာထူး [illegible] / C.F

လက်မှတ်/ရက်စွဲ [illegible] 13.6.2019

## ၁၄။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း(သို့)ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား + မ | | | |
| အခြေခံအဆောက်အဦး (လမ်း၊တံတား၊ရေရရှိရေး၊မီးလင်းရေး) | ၁ | ရွာတွင်းကွန်ကရစ်လမ်းဆောင်ရွက်ခြင်းလုပ်ငန်း | | | ✓ | ၂၀၁၈/၁၉/၂၀ | | |
| | ၂ | ရွာချင်းဆက်မြေသားလမ်းဆောင်ရွက်ခြင်းလုပ်ငန်း (ကော့ခမိ–ကော့ကမာ) | | | ✓ | ။ | | |
| | ၃ | ရွာချင်းဆက်မြေသားလမ်းဆောင်ရွက်ခြင်းလုပ်ငန်း (ကော့ခမိ–ကော့ကသောင်) | | | ✓ | ။ | | |
| | ၄ | အဝီစိတွင်းတူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်း | | | ✓ | ။ | | |
| | ၅ | | | | | | | |
| လူမှုစီးပွား (ပညာရေး၊ ကျန်းမာရေးနှင့်ဆိုင်သောအဆောက်အဦးနှင့်အခြားလိုအပ်ချက်များ) | ၁ | မူလတန်းကျောင်းပြုပြင်တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်း | | | ✓ | ၂၀၁၈/၁၉/၂၀ | | |
| | ၂ | ပညာရေးအသိပညာပေးဟောပြောပွဲရရှိရေး | | | ✓ | ။ | | |
| | ၃ | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အသက်မွေးဝမ်းကျောင်း (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆိုင်သောအဆောက်အဦးနှင့်အခြားလိုအပ်ချက်များ | ၁ | စိုက်ပျိုးရေးသွယ်မြောင်းတူးဖော်ခြင်းလုပ်ငန်း | | | ✓ | ၂၀၁၈/ ၁၉/၂၀ | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ်လျော့ ပါးရေး | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြား | ၁ | လူနာတင်ယာဉ်ရရှိရေး | | | ✓ | ၂၀၁၈/ ၁၉/၂၀ | | |
| | ၂ | ကျောင်းကြိုပို့ယာဉ်ရရှိရေး | | | ✓ | 〃 | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |

## ၁၅။ လူထုဗဟိုပြုစီမံကိန်း (NCDDP) ဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ

| စီမံကိန်း စက်ဝန်း | လုပ်ငန်းခွဲအမည် | အတိုင်းအတာ | ထောက်ပံ့ ငွေ (ကျပ်) | ကျေးရွာ ထည့်ငွေ (ကျပ်) | စုစုပေါင်း (ကျပ်) |
|---|---|---|---|---|---|
| ပထမနှစ် | မရှိပါ | | | | |
| ဒုတိယနှစ် | ရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း | 1240’x12’x6” | 17,900,000 | 1,678,000 | 19,578,000 |
| တတိယနှစ် | | | | | |
| စတုတ္ထနှစ် | | | | | |